ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄ ၊ အမှတ် ၁ ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ ၁ ရက်

## သတ္တုချိုပ်စည်းဝယ်ယူရေးအတွက် တင်ဒါခေါ်ယူသည့် အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတက်ရောက်



ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန ရုံးချုပ် ၊ ဧယျာသီဟခန်းမ၌ ၂၀၁၈ ခုနှစ် စက်တင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော သတ္တုချိုပ်စည်းဝယ်ယူရေးအတွက် တင်ဒါခေါ်ယူသည့် အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်ခဲ့ရာ အဆိုပြုဈေးနှုန်း အနည်းဆုံးတင်သွင်းခဲ့သည့် Myanmar Mega Fortris Co., Ltd မှ သတ္တုချိုပ်စည်းတစ်ခုလျှင် (၁၅၀) ကျပ် x ၆၇၇၀၀၀ = ၁၀၁၅၅၀၀၀၀ ကျပ်နှုန်းဖြင့် တင်ဒါအောင်မြင်ခဲ့ပါသည်။

အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း နှင့် အတူ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ နှင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီများတက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား ဗြိတိန်သံရုံးမှ ကိုယ်စားလှယ်အဖွဲ့များလာရောက်တွေ့ဆုံခြင်း



ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ (၁) ၌ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ်ဦးကျော်ထင်အား ဗြိတိန်သံရုံးမှ ကိုယ်စားလှယ်အဖွဲ့များလာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသည် ဗြိတိန်နိုင်ငံ၏ Prosperity Fund အောက်ရှိ Global Trade Programme အရ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ကိစ္စရပ်များ ၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အကောက်ခွန်မဟုတ်သော အတားအဆီးများအကြောင်း နှင့် ဗြိတိန်နိုင်ငံသည် အဆိုပါကိစ္စရပ်များအပေါ် အကူအညီပေးနိုင်မှု အခွင့်အလမ်းကို ရည်ရွယ်၍ ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် ဗြိတိန်သံရုံးမှ ကိုယ်စားလှယ်အဖွဲ့များ ၊ စုစုပေါင်း အဖွဲ့ဝင် (၁၇) ဦး တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် ဦးဆောင်၍ Marubeni Corporation မှ အထွေထွေမန်နေဂျာ နှင့် Anti–Terrorism & Security Measures ကိစ္စများဆွေးနွေးခြင်း



၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ (၁၂) ရက်နေ့ ၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် ဦးဆောင်၍ Marubeni Corporation မှ အထွေထွေမန်နေဂျာ နှင့် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသည် ဂျပန်နိုင်ငံ၏ ODA စီမံကိန်းများအနက် Anti–Terrorism & Security Measures (Japanese Grant Aid) များအတွက် ဆိပ်ကမ်း ၊ လေဆိပ် နှင့် နယ်စပ်ဒေသများတွင် အသုံးပြုရသော X Ray Scanner များအား ဝန်ဆောင်မှုပေးရန် ရည်ရွယ်၍ ဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။

ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် Marubeni Corporation မှ အထွေထွေမန်နေဂျာ နှင့် တာဝန်ရှိပုဂ္ဂိုလ်များ ၊ စုစုပေါင်း အဖွဲ့ဝင် (၁၂) ဦး တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား World Bank မှ ကိုယ်စားလှယ်အဖွဲ့များလာရောက်တွေ့ဆုံခြင်း



၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ (၃) ရက်နေ့ ၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား World Bank မှ တာဝန်ရှိ ပုဂ္ဂိုလ်များ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသည် နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ် (National Single Window (NSW) ဆိုင်ရာ လုပ်ငန်းစဉ်များကို တင်ပြရန်ဖြစ်ပြီး လုပ်ငန်းစဉ် ရေးဆွဲရန်အတွက် World Bank အနေဖြင့် Team ဖွဲ့စည်းထားပြီးဖြစ်ကြောင်း နှင့် National Single Window နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရည်ရွယ်၍ ဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။

ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် World Bank မှ တာဝန်ရှိ ပုဂ္ဂိုလ် များ ၊ စုစုပေါင်း အဖွဲ့ဝင် (၁၈) ဦး တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၅၉၃၆.၉၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု မှာ (၄၇၃) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၅၉၃၆.၉၅၁) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်



လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၇) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁.၀၃၆) သန်းခန့်ရှိသည့် အနက် ၅-၉-၂၀၁၈ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ်ခရီးစဉ်အမှတ် UB-8028, SF-11929 ဖြင့် ဟောင်ကောင်မြို့မှ ရန်ကုန်သို့ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Walkie Talkie with Changing and Accessories MILE Plus Taiwan FM Transceiver, Model: MP-300, Power-10 W, Frequency-400-470 MHz, (12) Nos ၊ ခန့်မှန်းတန်ဖိုးကျပ် (၀.၅၃) သန်းအား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၅၉၃၆.၉၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း







ဆိပ်ကမ်း တားဆီးမှုအနေဖြင့် တားဆီးမှု (၂) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၆.၆၄၈) သန်းခန့်ရှိသည့်အနက် ၂၉-၉-၂၀၁၈ ရက်နေ့တွင် ထီးတန်းဆိပ်ကမ်း၌ Shwe Myat Thwe Co., Ltd မှ တင်သွင်းလာသော Recond Forklift, Brand-TEM , Mdl–FHD 25 93A , Model Year –2012 , C/O-Japan (1) U အား တာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ VPA (၈) ရက်ဖြစ်သဖြင့် ခန့်မှန်းတန်ဖိုးကျပ် (၁၆.၅၄၈) သန်းခန့်အား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၅၉၃၆.၉၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း




နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၄၆၄) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာကျပ် (၅၉၁၉.၂၆၇) သန်းခန့်ရှိသည့် အနက် ၁-၉-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်(၁) စီးနှင့် ISUZU GIGA(12W) ယာဉ် (၁) စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခွဲသား(၂.၄၆၉၆) တန်နှင့် အဆိုပါပစ္စည်းများသယ်ဆောင်သည့်ယာဉ်(၂)စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ်(၁၀၀.၄၀၈) သန်းအား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၉၃၆.၉၅၁) သိန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၇-၉-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ MITSUBISHI CANTER (6W) ယာဉ် (၁)စီး ၊ NISSAN UD (12W) ယာဉ် (၁) စီးနှင့် CANTER (6W) ယာဉ် (၁) စီးတို့အားစစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားမဝင် သယ်ဆောင်လာသည့် ပိတောက်ခါးရွေး (၁၁.၁၃၆)တန် နှင့် အဆိုပါပစ္စည်းများ သယ်ဆောင် လာသည့်ယာဉ် (၃)စီး၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၁၂၃.၄၀၈) သိန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၅၉၃၆.၉၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀-၉-၂၀၁၈ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာ အနီး NISSAN DIESEL(22W) ယာဉ်(၁) စီးအားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော သကြား(1x50Kg) (500) Bags နှင့် အဆိုပါပစ္စည်း သယ်ဆောင်သည့်ယာဉ်(၁) စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၉.၀၀၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ စက်တင်ဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၄ မှု | ၄ မှု | ၅၁.၉၈၉ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၂၄ မှု | ၂၄ မှု | ၁၃၈.၆၉၄ သန်း |
| | စုစုပေါင်း | - | ၂၈ မှု | ၂၈ မှု | ၁၉၀.၆၈၃ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၃၀-၉-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၃၆) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၁၀၄၃.၈၅၀) သန်း အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Biolite Net Finger Print and Card Reader များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။






Medium Dumper Truck များတင်သွင်း လိုပါသဖြင့် လိုင်စင်လို/မလို အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။

Solar System နှင့် ပတ်သက်သည့် ပစ္စည်းများ တင်သွင်း လိုပါသဖြင့် လိုင်စင်လို/မလို အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။





သဲများ တင်ပို့လိုပါသဖြင့် မည်သည့်စာရွက်စာတမ်း လိုအပ်ကြောင်းမေးမြန်းရာ Phyto Certificated လိုအပ် ကြောင်း ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ





Water Pump ၏ Duty Rate အားမေးမြန်းရာ အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Aluminium Bottle Caps ၏ Duty Rate အား မေးမြန်းရာ အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Artificial Lather ၏ Duty Rate အား မေးမြန်းရာ အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




သစ်တောထွက်ပစ္စည်း ကြိမ် ၊ ဝါးဖြင့် ယက်လုပ်သော ပစ္စည်းများ တင်ပို့ရာတွင်မည့်သည့် အထောက်အထားလိုအပ်ကြောင်း မေးမြန်းရာ သစ်တောထောက်ခံချက်နှင့် Duty 2% ဆောင်ရကြောင်း ဖြေကြားခဲ့ပါသည်။